
(၃) **သံချေးရောဂါ (Rust)**

**ရောဂါဖြစ်စေသောသက်ရှိ -** *Puccinia melanocephala* Syd. & P. Syd.

**ရောဂါလက္ခဏာ**

အရွက်ပေါ်တွင် သေးငယ်၍ရှည်သော အဝါရောင်အကွက်လေးများ (သို့) နီညိုရောင်အကွက် ကြီးများတွေ့ရသည်။ ရောဂါပြင်းထန်ပါက အရွက်တစ်ခုလုံးသံချေးရောင် ပြောင်းသွားပြီး ခြောက်၍သေသွားသည်။





**ကာကွယ်နှိမ်နင်းနည်းများ**

- ဒေသအလိုက်ခံနိုင်ရည်ရှိသောမျိုးကို အသုံးပြုပါ။
- မျိုးရင်းဝင်မတူသည့် သီးနှံနှင့် အလှည့်ကျစိုက်ပါ။
- ရောဂါရပင်ကြွင်းပင်ကျန်များကို စုပုံမီးရှို့ပါ။
- ရောဂါကွက်စတင်တွေ့ရှိပါက ရောဂါစတင်ကျရောက်ပါက Hexaconazole (ဟက်ဇာကိုနာဇိုး)၊ Propiconazole (ပရိုပီကိုနာဇိုး)၊ Captan (ကက်ပ်တန်) ၊ Chlorothalonil (ကလိုရိုသာလိုနေးလ်)၊ Difenoconazole (ဒိုဖီနိုကိုနာဇိုး) စသောမှိုသတ်ဆေးများဖြင့် ထိရောက်စွာ ကာကွယ်နှိမ်နင်းနိုင်ပါသည်။